# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့။


## လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခင်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျင်းပပြုလုပ်မည့် (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံအစီအစဉ်တို့မှ ဇန်နဝါရီ ၄ ရက် နံနက် ၆ နာရီ မိနစ် ၄၀ အချိန်မှစတင်၍ အခမ်းအနားကျင်းပရာ နေပြည်တော် မြို့တော်ခန်းမရင်ပြင်မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(သတင်းစဉ်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁/၂၀၁၄**

**၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း (၂)ရက်**

**(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)**

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ (က)အရ နိုင်ငံတော်သမ္မတသည် ၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၃ ရက် (ခရစ်နှစ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်-

(က) သေဒဏ်ချမှတ်စေခြင်းခံရသူများအတွက် ထောင်ဒဏ်တစ်သက် (နှစ်အကန့်အသတ်မရှိ)သို့ ပြောင်းလဲကျခံစေရန်။

(ခ) နှစ်အကန့်အသတ်မရှိနှင့် ထောင်ဒဏ်တစ်သက်ကျခံနေရသည့် အကျဉ်းသားများ (သေဒဏ်မှ ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိသို့ လျှော့ပေါ့ကျခံနေသူများမပါ)နှင့် ထောင်ဒဏ်(၄၀)နှစ်အထက် ကျခံနေရသူများအား ထောင်ဒဏ် (၄၀)နှစ်သို့ လျှော့ပေါ့ကျခံစေရန်။

(ဂ) ထောင်ဒဏ်(၄၀)နှစ်နှင့်အောက်ကျခံနေရသည့် အကျဉ်းသားများအား ယင်းတို့ကျခံနေသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ တည်းခိုနိုင်ရန် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်း ဟိုတယ်များဖွင့်လှစ်

(စာမျက်နှာ-၃)



မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ တင်သွင်းဝယ်ယူလာသည့် မော်တော်ယာဉ်များကို ရန်ကုန်ဆိပ်ကမ်း၌ တွေ့ရစဉ်။

## ပြည်ပမှတင်သွင်းသည့် မော်တော်ယာဉ်များပျက်စီးဆုံးရှုံးမှုမရှိရေး လုပ်ငန်းစဉ်အလိုက် အဆင့်မြှင့်ဆောင်ရွက်ပေးမည်

**သတင်းဆောင်းပါး**
**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-သတင်းစဉ်**

မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ တင်သွင်းဝယ်ယူလာသည့် မော်တော်ယာဉ်များကို သင်္ဘောအချမှ ဝယ်ယူပိုင်ရှင်ထံသို့ လွှဲအပ်ရောက်ရှိသည်အထိ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုမရှိရေးနှင့် ဆိပ်ကမ်းအတွင်း နှစ်ရှည်လများကြာရှည်စွာထားရှိသည့် ယာဉ်များ လုပ်ငန်းစဉ်အလိုက် စည်းစနစ်နှင့်အညီ အဆင့်မြှင့်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပို့ဆောင်ရေးဝန်ကြီးဌာနရုံးချုပ်တွင် ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲ၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) ဦးကျော်မြင့်က မြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ပွင့်လင်းမြင်သာမှုရှိလာသည်နှင့်အမျှ ဘက်ပေါင်းစုံမှ ပြုပြင် *စာမျက်နှာ ၉ ကော်လံ ၁* ✳

## မွေးမြူရေးဇုန်များတည်ဆောက်ရန် အစီအစဉ်ရှိနေ

**သတင်း-ဝေယံဦး**

ရန်ကုန် ဇန်နဝါရီ ၂

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှတွန်းအားပေး လုပ်ဆောင်ရန် လိုအပ်သလို နိုင်ငံတကာနှင့်ပူးတွဲကာ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေး လည်းလိုအပ်လျက်ရှိသည်။ နိုင်ငံအတွင်း စက်မှုဇုန်များကို ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေချိန်တွင် မွေးမြူရေးဇုန်များထူထောင် အကောင်အထည်ဖော်နိုင်ရေး အစီအမံများ ပြုလုပ်နေပြီဖြစ်သည်။

လောလောဆယ်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းကို မြန်မာနှင့် တောင်ကိုရီးယားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နို့စားနွားခြံများ ထူထောင်ရေး၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများတည်ထောင်ရေး၊ မွေးမြူရေးဆိုင်ရာ ထုတ်ကုန်များထုတ်လုပ်နိုင်ရန် စက်ရုံများတည်ထောင်ရေး လုပ်ငန်းများကို ပြည်တွင်းရှိပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပြည်ပကုမ္ပဏီများပူးတွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးစားလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက လုပ်ငန်းအားအရင်းအမြစ်များအဖြစ် မွေးမြူထုတ်လုပ်ရေး၊ ဒီပလိုမာဘွဲ့ရများကို သင်ကြားမွေးထုတ်ပေးနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းနို့နှင့် နို့ထွက်ပစ္စည်းစားသုံးမှုမှာ လုံလောက်မှုမရှိသဖြင့် ပြည်ပမှတင်သွင်းနေရဆဲဖြစ်ရာ နိုင်ငံအတွင်းနို့စားနွားခြံများ ကျယ်ပြန့်စွာ ထူထောင်နိုင်ရေးနှင့် မွေးမြူရေးဇုန်များ ဖြစ်ပေါ်လာရေး လိုအပ်လျက်ရှိသည်။

ယခုအခါ မွေးမြူရေးလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက နိုင်ငံအတွင်း မွေးမြူရေးဇုန်များ ဖြစ်ထွန်းလာရေးအတွက် အစီအမံများ ပြုလုပ်နေပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယနေ့

**မာတိကာ**

**ရေခဲပြင်တွင် ပိတ်မိ သင်္ဘောမေါ်ပါ အဖွဲ့သားများအား လေကြောင်းမှ ကယ်ဆယ်ရေးနှောင့်နှေးနေ**

စာ-၄

**နှစ်သစ်ကူးနေ့ မိုးမောက်ရေပူစမ်းတွင် ရေချိုးသူများစည်ကား**

စာ-၆

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**




နိုင်ငံတကာသတင်း

# ရန်ဒေါင်းပြည်နယ်၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ် လေးဦးသေဆုံး သုံးဦးဒဏ်ရာရ

ဂျီနန် ဇန်နဝါရီ ၂

တရုတ်နိုင်ငံ ရန်ဒေါင်းပြည်နယ် အရှေ့ပိုင်း၌ အဆိပ်အတောက်ဖြစ် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာ လူလေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ မနက်ပိုင်းက ဒေသခံအာဏာပိုင်များက ပြောကြားခဲ့ကြသည်။

ဓာတ်ငွေ့ယိုစိမ့်မှုမှာ ရန်ဒေါင်းပြည်နယ်ကောင်တီ စီးပွားရေး ဖွံ့ဖြိုးမှုဇုန်ရှိ ဓာတုဗေဒဆိုင်ရာ ကုမ္ပဏီတစ်ခုမှ ဖြစ်သည်။

ကနဦး စုံစမ်းစစ်ဆေးမှုအရ သိုလှောင်ကန် အနားသတ်နေရာမှ ယိုစိမ့်မှုဖြစ်သည်ဟု ယူဆထားကြသည်။

အသေးစိတ်ကိုမူ စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

(ဆင်ဟွာ)



ပေါက်ကွဲမှုဖြစ်ပွားသည့် ကားတစ်စီးကို တွေ့ရစဉ်။

# ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့တော်ရှိ ဟိုတယ်တစ်ခုတွင် ကားဗုံးနှစ်လုံးပေါက်ကွဲ၊ အနည်းဆုံး ၁၀ ဦးသေဆုံး

မိုဂါဒစ်ရှုး ဇန်နဝါရီ ၂

ဆိုမာလီနိုင်ငံမြို့တော် မိုဂါဒစ်ရှုးရှိ ဟိုတယ်တစ်ခု၏ ပြင်ပတွင် ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၁၀ ဦးအနည်းဆုံး သေဆုံးခဲ့ရသည်။

ဆိုမာလီနိုင်ငံရေးသမားများနှင့် နိုင်ငံခြားသားများအဝင်အထွက်များသည့် ဂျာဇီးရာဟိုတယ်တွင် အဆိုပါ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သတင်းပေးပို့ချက်များအရ တိုက်ခိုက်ရေးသမားများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ပေါက်ကွဲမှုများ ဖြစ်ခဲ့သည့်ဟု ဆိုသည်။

၂၀၁၁ ခုနှစ်က မိုဂါဒစ်ရှုးမှ တိုက်ထုတ်ခံထားရသည့် ဆိုမာလီဘာသာရေးစစ်သွေးကြွအပ်စု အယ်လ်ရှာဘတ်က တိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အယ်လ်ခိုင်ဒါနှင့်အချိတ်အဆက်ရှိသော အဆိုပါအုပ်စုက ဆိုမာလီတောင်ပိုင်းနှင့်ဗဟိုဒေသအများအပြားကို ချုပ်ကိုင်ထားဆဲဖြစ်ပြီး မိုဂါဒစ်ရှုးမြို့တော်ကို တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။

(ဘီဘီစီ)

# ပီရူးနိုင်ငံတွင် မြစ်ရေကြီးမှုကြောင့် လူဦးရေသောင်းကျော် အိုးအိမ်မဲ့ဖြစ်

လီမာ ဇန်နဝါရီ ၂

ပီရူးနိုင်ငံတောင်ပိုင်း အင်ဒီးကက်စ်ကိုဒေသ၌ ဇန်နဝါရီ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းရာမှ ကုလိဘမ်ဘာ ဖြစ်ရေလျှံတက်မှုကြောင့် ဒေသခံ ၁၆၀၀၀ ခန့်အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသသည် မြို့တော်လီမာ၏ အရှေ့တောင်ပိုင်း ၁၁၅၀ ကီလိုမီတာအကွာ၌တည်ရှိပြီး ဆိုးရွားလှသော မြစ်ရေကြီးရေလျှံမှုက ဒေသခံများ၏ နေအိမ်များ၊ ပိုင်ဆိုင်ပစ္စည်းများကို ပြောင်တလင်းခါအောင် သယ်ယူသွားသည်ဟု Quellouno မြို့တော်ဝန် လေ့ဘာတန်က ပြောကြားခဲ့သည်။ ၎င်းက အိုးအိမ်မဲ့ ရေဘေးဒုက္ခသည် ထောင်ပေါင်းများစွာတို့အတွက် ကူညီကယ်ဆယ်ရေးများ ပံ့ပိုးကြရန် ကြေညာခဲ့သည်။

"ကျွန်တော်တို့ အကူအညီတွေ လိုအပ်နေတယ်။ များများလိုအပ်နေပါတယ်။ ကျွန်တော်တို့မှာ ရှိတာတွေနဲ့ မလုံလောက်ပါဘူး" ဟု ဒေသခံခေါင်းဆောင် ကက်စ်ဒရိုကဆိုသည်။ ဒေသအာဏာပိုင်များက မိုးဆက်လက်ရွာသွန်းနေသဖြင့် မြစ်များနှင့် ရေလှောင်ကန်များ ဖြည်လျှံကျိုးပေါက်မည့်အရေးကြောက်ရွံ့စိုးရိမ်လျက်ရှိကြသည်။

(ဘီဘီစီ)

# ရေခဲပြင်တွင် ပိတ်မိသင်္ဘောပေါ်ပါ အဖွဲ့သားများအား လေကြောင်းမှကယ်ဆယ်ရေး နှောင့်နှေးနေ

ဝါရှင်ထန် ဇန်နဝါရီ ၂

အန္တာတိကတွင် ခရစ္စမတ်ကာလကတည်းက ရေခဲပြင်အတွင်း ပိတ်မိလျက်ရှိသော သင်္ဘောပေါ်ပါ သြစတြေးလျ သိပ္ပံဆိုင်ရာစူးလေ့လာရေးအဖွဲ့သားများအား ခေါ်ယူနိုင်ရေးအစီအစဉ်များသည် ရေခဲပြင်အနေအထားကြောင့် နှောင့်နှေးလျက်ရှိနေကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။

မျှော်လင့်ထားသကဲ့သို့ ယနေ့တွင် လေကြောင်းမှတစ်ဆင့် ကယ်ဆယ်ရေးသွားရောက်နိုင်မည် မဟုတ်ကြောင်း သြစတြေးလျအခြေစိုက်ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဖြောကြားသည်။ အစောပိုင်းက လေကြောင်းမှ ကယ်ဆယ်ရေးကို ရာသီဥတုအခြေအနေ ကောင်းမွန်သည်နှင့် ချက်ချင်းဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ရေခဲပြင်အတွင်း ပိတ်မိလျက်ရှိသော Shokalskiy သင်္ဘောပေါ်၌ လူဦးရေ ၇၄ ဦးပါရှိသည်။ အစောပိုင်းက ရေခဲပြင်ခွဲသင်္ဘောများဖြင့် ရေလမ်းကြောင်းဖောက် ကြိုးစားမှုများမှာ မအောင်မြင်ခဲ့ပေ။

ယင်းကဲ့သို့ သင်္ဘောရေခဲပြင်အတွင်း ပိတ်မိနေသော်လည်း သင်္ဘောပေါ်ပါ သိပ္ပံပညာရှင်များသည် အပူချိန်တိုင်းတာခြင်း၊ ပတ်ပတ်လည်ရေခဲပြင် အက်ကွဲကြောင်းမှ ဆားဓာတ်ပါဝင်မှု တိုင်းတာခြင်းစသော စမ်းသပ်မှုများကို လေ့လာလုပ်ဆောင်လျက်ရှိကြသည်။

(ဘီဘီစီ)

# အခြင်းပွားကျွန်းသို့ မိုးပျံပူဖောင်းစီးလာစဉ် ပျက်ကျသည့်တရုတ်အမျိုးသားတစ်ဦးအား ဂျပန်ကယ်ဆယ်

ဝေကျင်း ဇန်နဝါရီ ၂

အခြင်းပွား ကျွန်းစုများဆီသို့ မိုးပျံပူဖောင်းစီးကာ လာရောက်စဉ် ပူဖောင်းကွဲသွားသော တရုတ်အမျိုးသားတစ်ဦးအား ပင်လယ်ထဲမှ ကယ်ဆယ်ပေးခဲ့ရကြောင်း ဂျပန်ကမ်းခြေစောင့်တပ်က ပြောကြားခဲ့သည်ဟု ဇန်နဝါရီ ၂ ရက်တွင် ဘီဘီစီသတင်း၌ ရေးသားထားသည်။

အဆိုပါ ကယ်ဆယ်ခံထားရသူ အမျိုးသားသည် စားဖိုမှူးတစ်ဦးဟု သိရပြီး ဂျပန်အခေါ် ရင်ကာကူကျွန်း၊ တရုတ်အခေါ် ဒိုင်အောယုကျွန်းဟု သိကြသည့် ဂျပန်နိုင်ငံက ထိန်းချုပ်ရာ အရှေ့တရုတ်ပင်လယ်ကျွန်းတန်းဆီသို့ ဦးတည်ပျံသန်းခဲ့ကြောင်း သိရသည်။ ၎င်းကို တရုတ်ကင်းလှည့်သင်္ဘောသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။

အရှေ့တရုတ်ပင်လယ်ကျွန်းစုများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝနိုင်ခြေရှိ ကျွန်းစုများဖြစ်ပြီး တရုတ်နှင့် ဂျပန်နိုင်ငံတို့အကြား ဆယ်စုနှစ်များစွာကြာအောင် နှစ်နိုင်ငံတင်းမာမှုများ ဖြစ်ပေါ်စေသည် တရားခံလည်းဖြစ်သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ပူဖောင်းပျက်ကျခဲ့သူအမျိုးသားသည် ကယ်ဆယ်ခဲ့ရစဉ်က ဂျပန်ရေပိုင်နက်အတွင်း ရောက်ရှိနေခဲ့ခြင်းဖြစ်ပြီး အဆိုပါနေရာသည် ၎င်းက ဦးတည်ဆင်းသက်သောနေရာ မဖြစ်နိုင်ဟု ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က ဆုံးဖြတ်ခဲ့ကြပြီး အပြစ်မပေးဘဲ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

(ဘီဘီစီ)



ပျက်ကျခဲ့သော ပူဖောင်းကို တွေ့ရစဉ်။

# ပရာဟာရှိနေအိမ်တွင် ပေါက်ကွဲမှုကြောင့် ပါလက်စတိုင်းသံအမတ်ကြီးသေဆုံး



ဝါထက်စတိုင်း သံအမတ်ကြီး ဂျမယ်လ်အဲလ်ဂျမယ်လ်

ပရာဟာ ဇန်နဝါရီ ၂

ချက်သမ္မတနိုင်ငံဆိုင်ရာ ပါလက်စတိုင်းသံအမတ်ကြီး ဂျမယ်လ်အဲလ်ဂျမယ်လ်သည် ဒီဇင်ဘာ ၃၁ ရက်က ၎င်း၏နေအိမ်တွင် ဖြစ်ပွားသည့် ပေါက်ကွဲမှုတစ်ရပ်၌ ဒဏ်ရာရခဲ့ပြီးနောက် ဆေးရုံတွင် သေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရအမျိုးသမီး အန်ဒရီသာဇီလိုဗာက ပြောကြားသည်။

ဗုံးရှင်းလင်းရေးကျွမ်းကျင်သူများက အနီးရှိ ပါလက်စတိုင်း သံရုံးပိုင်အိမ်တစ်လုံးကိုလည်း ဗုံးရှာဖွေမှု ပြုလုပ်ခဲ့သည်။

အသက် ၅၆နှစ် အရွယ်ရှိ ပါလက်စတိုင်း သံအမတ်ကြီးသည် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ချက်သမ္မတထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ပါလက်စတိုင်းသံရုံးပုံနှိပ်ဌာန ဝန်ထမ်းတစ်ဦးက အခင်းဖြစ်ပွားချိန်တွင် သံအမတ်ကြီး၏ မိသားစုဝင်အားလုံးနေအိမ်တွင် ရှိနေကြသည်ဟု ဆိုသည်။

ပါလက်စတိုင်းသံရုံးအဆောက်အအုံသစ်တွင် လုံခြုံရေးတင်းကျပ်စွာချထားပြီး အထူးလေ့ကျင့်ထားသောခွေးများဖြင့် ဗုံးရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ဒေသမီဒီယာများက ဖော်ပြကြသည်။

ပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းနှင့် အသေးစိတ်အချက်အလက်တို့ကို ပြောကြားရန် စောသေးကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖောက်ခွဲမှု စနစ်တစ်ခုကြောင့် ပေါက်ကွဲမှုဖြစ်ပေါ်လာခြင်း ဖြစ်နိုင်ကြောင်း၊ အသက် ၅၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အခင်းဖြစ်ပွားရာနေရာတွင် ကုသခဲ့ရပြီးနောက် ဆေးရုံသို့ တင်ပို့လိုက်ရကြောင်း၊ ၎င်းသည် ဓာတ်ပြုရာမှ ပေါ်ထွက်လာသည့် ဓာတ်ငွေ့များကို ရှူသွင်းထားသည်ဟု သံသယရှိကြောင်း သတင်း၌ ဖော်ပြထားသည်။

(ဆင်ဟွာ)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ပါပစ္စည်းအားကိုဒေါင်ရောက်တန်ဖိုး(DDP ရန်ကုန်၊ အလုံစတို) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးစက်ကိရိယာများ | ၇ မျိုး |
| (ခ) | ရုံးသုံးပရိဘောဂများ | ၁၆ မျိုး |
| (ဂ) | အခြားရုံးသုံးစက်ကိရိယာများ | ၁၁ မျိုး |
| (ဃ) | ရုံးသုံးယာဉ်များ | ၆ မျိုး |
| (င) | Server & Accessories with UPS | ၁ မျိုး |

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၃-၁-၂၀၁၄ရက်မှ ၇-၁-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း) ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၁-၁-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၀း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လူမှုဖူလုံရေးအဖွဲ့
ရုံးအမှတ် ၅၁၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၀၃၇၀



ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
သထုံခရိုင် - သထုံမြို့
ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ကတ္တရာ ၁၅၇တန်၊ ဘိလပ်မြေ(ကြွတံဆိပ်) ၅၀၀တန်နှင့် သံချောင်းရွယ်စုံ ၃၅ တန်အား ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်** - ၃-၁-၂၀၁၄ရက် (သောကြာနေ့)
**နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊သထုံခရိုင်၊ သထုံမြို့
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်** - ၈-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက်** - ၁၀-၁-၂၀၁၄ရက် (သောကြာနေ့)

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

## လူမှုရေးကြော်ငြာ

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
**ဒေါ်မေမေသန်း**
**အသက် (၇၈)နှစ်**

ဒေါက်တာဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မွန်ပြည်နယ်)**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
**ဒေါ်မေမေသန်း**
**အသက် (၇၈)နှစ်**

ဒေါက်တာဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဧရာဝတီတိုင်းဒေသကြီး)**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
**ဒေါ်မေမေသန်း**
**အသက် (၇၈)နှစ်**

ဒေါက်တာဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)**

### ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး
**ဒေါ်မေမေသန်း**
**အသက် (၇၈)နှစ်**

ဒေါက်တာဦးထွန်းနိုင်ဦး(ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်း (ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏မွေးသမိခင်၊ ဒုတိယဗိုလ်မှူးကြီးဘရီ(ငြိမ်း)၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်ဝန်ထမ်းများ**
**ရန်ကုန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းစက်ရုံ၊ တိုင်းရင်းဆေးပညာဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
**ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး (ကြည်း-၂၇၅၁၈)**
**(သူရဲကောင်းမှတ်တမ်းဝင်)**
**အသက် (၄၃)နှစ်**

ဦးစံရွှေမောင်(မန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏သား ဒုတိယဗိုလ်မှူးကြီးတင်မောင်ဦး အသက် (၄၃)နှစ်သည် ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခု၊ လက်ထောက်မန်နေဂျာ (ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်း၊ သူငယ်ချင်းများ**

### ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးမြဘူး(ငြိမ်း) (လေ)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် (၁၆)၊ အခန်း (၃)နေ ဗိုလ်မှူးမြဘူး(ငြိမ်း) (လေ)သည် ၂၉-၁၂-၂၀၁၃ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲပါကြောင်း။

**လစဉ်တွေ့ဆုံပွဲမှဆရာမများ**
**အထက (၁)ဒဂုံ**

### ဝမ်းနည်းကြေကွဲခြင်း
**မအိအိမွန်**
**အသက် (၂၉)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက် (၁၂၅)၊ ၈၆×၈၇ လမ်းကြား၊ ၁၉×၂၀ကြားနေ ဦးသန်းလွင်-ဒေါ်မြမြငွေးတို့၏ သမီးငယ်၊ မောင်လင်းထက်ကိုကို၏ မိခင်၊ ဗိုလ်မှူးငွေးလွင်ဦး၏ဇနီးသည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုရဲဝင့်နိုင်-မမေသူအောင်နှင့်**
**မောင်နှမတစ်ဝမ်းကွဲများ**

### ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်မေမေသန်း**
**အသက် (၇၈)နှစ်**

ဒေါက်တာထွန်းနိုင်ဦး (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)-ပါမောက္ခ ဒေါ်ရီရီသန်းတို့၏မိခင် ဒေါ်မေမေသန်း အသက် (၇၈)နှစ်သည် ၃၀-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

### ဝမ်းနည်းကြေကွဲခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာသီးနှံပညာဌာနမှ ကထိကဒေါက်တာငြိမ်းငြိမ်းထွေး၏ဖခင် ဦးကျော်ငြိမ်း အသက်(၇၇)နှစ်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဆရာဆရာမများနှင့်ဝန်ထမ်းများ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

### ဝမ်းနည်းကြေကွဲခြင်း

ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးကိုကိုလတ် အသက်(၅၄)နှစ်သည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရခိုင်ပြည်နယ်**

### ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကိုကိုလတ်(ငြိမ်း) ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးသည် ၂၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူးနှင့်**
**ဝန်ထမ်းများ**

### တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ဗိုလ်မှူးခိုင်စိုးဝေလွင်(ကြည်း-၃၇၂၇၀)**
**B.Sc (D.S.A) M.Sc (Y.U)၊ စတသ-၄၆**

ချစ်သောသားကြီး တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ၃-၁-၂၀၁၃ရက်တွင် ကချင်ရှေ့တန်း တစ်နေရာမှာ အသက်ပေးလှူခဲ့တာ တစ်နှစ်ရှိခဲ့ပါပြီ။ တစ်နေ့မှမေ့မရ လွမ်းဆွတ်သတိရနေဆဲပါ။ သားကြီးအတွက် ပျော်ဘွယ်/စတသ(၄၆) သူငယ်ချင်းများနဲ့ မိသားစုမှပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို သာဓုခေါ်ဆိုနိုင်ရန် ရည်မှန်းပြီး အမျှပေးဝေလျက်ပါ။ မြင့်မြတ်သော ဘုံဘဝမှ ရရှိခံစားပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| **ချစ်ဖေဖေ၊ ချစ်မေမေ** | **- ဦးဝေလွင်(ပျော်ဘွယ်)-ဒေါ်မမလေး(ခရိုင်စာရင်းစစ်အရာရှိ)** |
| | **(ညောင်ဦးခရိုင်စာရင်းစစ်ရုံး) ဖုန်း-၀၉-၄၄၄၀၃၅၆၀၀** |
| **ချစ်မမ** | **-ကိုကိုဝင်း(ကော်ဖီသုတေသန)-မစုစုဝေလွင်** |
| | **(မြို့နယ်စိုက်ပျိုးရေး) ပြင်ဦးလွင်မြို့** |
| **ချစ်ဇနီး** | **-မအေးမြတ်သွယ်၊ သမီး မမြတ်သဒ္ဒါခိုင်စိုး၊ ရွှေဘိုမြို့** |
| **ချစ်ညီလေး** | **-မောင်စွမ်းထက်ဝေလွင်-မတင်နွယ်လင်း၊ မိတ္ထီလာမြို့** |

### အထူးကျေးဇူးတင်ရှိခြင်း

၂၇-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဦးအောင်သန်းဦး(လက်ထောက်အင်ဂျင်နီယာ၊ အားကစားဝန်ကြီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိမေတ္တာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၊ ခုတင် (၁၀၀၀)ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးနှင့်တကွ ဦးနှောက်နှင့်အာရုံကြော ကုသဆောင်မှ ဆရာဝန်ကြီး၊ အထူးကြီးကြပ်ကုသဆောင်မှ ဆရာဝန်ကြီးနှင့်ဝန်ထမ်းများ၊ MTT ($7^{th}$ Batch) မှ သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
**မငြိမ်းငြိမ်းအိ (Youth Officer)**
**အသက် (၃၄)နှစ်**

အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ဌာနချုပ်)မှ မငြိမ်းငြိမ်းအိ အသက် (၃၄)နှစ် Youth Officerသည် ၂၈-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြစ်ကြီးနားတက္ကသိုလ်ကြက်ခြေနီမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
**မအိအိမွန်**
**အသက် (၂၉)နှစ်**

စစ်တက္ကသိုလ်အပတ်စဉ်(၄၀)မှ ဗိုလ်မှူးငွေးလွင်ဦး၏ဇနီး မအိအိမွန်သည် ၂၉-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အပတ်စဉ်(၄၀)မှ သူငယ်ချင်းများ**

### နှစ်လပြည့်လွမ်းဆွတ်သတိရ အမျှဝေးဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဗိုလ်မှူးခင်ဦး(ငြိမ်း) ကြည်း-၅၇၆၇**
ဂျပန်ခေတ်စစ်တက္ကသိုလ် ပထမပတ်(ယောနင်း)
စံပြကျောင်းသား
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
အသက် (၈၈)နှစ်

ကျေးဇူးကြီးမား၍ ချစ်သောဖေဖေ ဖေဖေ မိသားစုနှင့်ခွဲခွာသွားတာ နှစ်လပြည့်ခဲ့ပါပြီ။ ဖေဖေရဲ့ ဂုဏ်ကျေးဇူးတရား၊ မေတ္တာ၊ စေတနာများကို အမြဲအမှတ်ရ၊ သတိရနေပါတယ်။ သားသမီး၊ တူ၊တူမ၊မြေးများတ ဖေဖေအတွက်ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။ ဖေဖေ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

ဧရာဝတီဘဏ်လီမိတက်၏ ဘဏ်ဥပဒေအကျိုးဆောင် ဦးဝင်းလွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို (တရားလွှတ်တော်ရှေ့နေ)၊ ဘဏ်ရာဖြတ် ဦးကျော်မိုးအောင်၊ ဧရာဝတီဘဏ်လီမိတက်၊ တာချီလိတ်ဘဏ်ခွဲ၏ ဒု-တာဝန်ခံဒေါ်သီတာအောင်တို့၏ဖခင် ဦးအောင်ချို-ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ (မြန်မာ့စီးပွားရေးဘဏ်-၃) အသက် (၇၇)နှစ်သည် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ဧရာဝတီဘဏ်လီမိတက်**

### ဝမ်းနည်းကြေကွဲခြင်း
**ဦးကိုကိုလတ်**
ညွှန်ကြားရေးမှူး၊ မြည်တွင်းအခွန်များဦးစီးဌာန
အသက် (၅၄)နှစ်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးမှ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး(ညွှန်ကြားရေးမှူး) ဦးကိုကိုလတ်သည် ၂၈-၁၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစံငြိမ်း(ညွှန်ကြားရေးမှူး)မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း
**ကိုဇော်ဟိန်း** (T.T.C ကျောင်းသားဟောင်း)
အသက် (၅၁)နှစ်

သူငယ်ချင်း ၂၃-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**T.T.C (၁၉၇၈-၇၉)မှ သူငယ်ချင်းတစ်စု**

### ဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်မှူးစိုင်းသီဟ(ဒုတိယတပ်ရင်းမှူး)**
(တေဇ-၂၇)
အသက် (၃၇)နှစ်

ဘားအံမြို့၊ (၂) ရပ်ကွက်၊ သစ္စာလမ်းနေ ဒေါ်ဆွေဆွေလင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးဇာနည်ဦး၊ မသီရိစက်ဦးတို့၏ ချစ်လှစွာသောဖခင်သည် ၂၇-၁၂-၂၀၁၃ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုခင်ဇော်-မစံပယ်ဝင်း**
**မိသားစု(ရန်ကုန်)**

### အထူးဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လူငယ်အရာရှိဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအိ အသက် (၃၄)နှစ်သည် ၂၈-၁၂-၂၀၁၃ရက် (စနေနေ့) ညနေ ၉း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့ဝင်များနှင့်ဝန်ထမ်းများ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

# ယနေ့ မာတိကာ


အငြင်းပွားကျွန်းသို့ မိုးပျံပူဖောင်းစီးလာစဉ် ပျက်ကျသည့် တရုတ်အမျိုးသား တစ်ဦးအား ဂျပန် ကယ်ဆယ် — စာမျက်နှာ-၄

နိုင်ငံ့စန်ထမ်းများ ဖတ်၊ မှတ်၊ လိုက်နာ ဆောင်ရွက်ကြရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ စာအုပ်များ — ဆောင်းပါး — စာမျက်နှာ-၆

တောင်သာ-ပန္တလေး ပို့ဆောင်ရေးလိုင်းသစ်များ ထပ်ပံတိုးချဲ့ ပြေးဆွဲ — စာမျက်နှာ-၁၀

ရွှေမျှော်မှန်းထားသော မသန်စွမ်း လုံတံပစ် အားကစားသမားများ ပြင်းထန်စွာလေ့ကျင့် — စာမျက်နှာ-၁၁

ရှီးအညာမြေက ရေပူစမ်းကလေးတွင် အမန်းဖြေ၊ ရေပူချိုး လာရောက်သူများဖြင့် စည်ကားလျက်ရှိ — စာမျက်နှာ-၁၃

လီဗာပူးထိပ်ဆုံး အဆင့်လေးနေရာ ပြန်ရောက် — စာမျက်နှာ-၁၄




# ရန်ကုန်မြို့တော်အတွင်း သတ်မှတ်ယာဉ်မရပ်ရနယ်မြေများတွင် စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များအား အရေးယူ

သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း (SP)

ရန်ကုန် ဇန်နဝါရီ ၂

ရန်ကုန်မြို့တော်အတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ပူးပေါင်းစစ်ဆေးရေးအထူးအဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ရန်ကုန်မြို့တော် စည်သာယာရေးကော်မတီ(အင်ဂျင်နီယာ)လမ်း/တံတားဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာ ရဲတပ်ဖွဲ့၊ ပို့ဆောင်ရေးနှင့်စီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး မထသမဌာနခွဲမှူးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် သတ်မှတ်ယာဉ်မရပ်ရနယ်မြေများ အတွင်း စည်းကမ်းမဲ့ရပ်နားထားသောယာဉ်များအား အရေးယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါသတ်မှတ်ယာဉ်မရပ်ရ နယ်မြေများအတွင်း စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကို အရေးယူလျက်ရှိနေရာတွင် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ သိမ်ဖြူလမ်း၊ ဗညားဒလလမ်းမတစ်လျှောက်နှင့် စက်ရုံလမ်းတစ်လျှောက်ရှိ စည်းကမ်းမဲ့ရပ်နားထားသော ယာဉ်များကို

စာမျက်နှာ ၅ ကော်လံ ၁

# တက္ကသိုလ်မပေါင်းစုံ Mister and Miss University Myanmar 2014 ပြိုင်ပွဲကြီးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂

မြန်မာနိုင်ငံအတွင်းရှိ အရည်အချင်းပြည့်ဝပြီး သွက်လက်ထက်မြက်သော စံပြတက္ကသိုလ် ကျောင်းသားလူငယ်မောင်မယ်များ ပေါ်ထွက်လာစေရန် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် August Myanmar Media Group မှ စီစဉ်သော Mister and Miss University Myanmar 2014 ပြိုင်ပွဲကြီးကို ဇန်နဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCCခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

"ကျောင်းသားတွေကို ရွေးချယ်ရတဲ့အကြောင်းကတော့ Scholarship အစီအစဉ်အဖြစ် ထောက်ပံ့ကြေးပေးနိုင်ရန်နှင့်ကျောင်းတိုင်းမှာ စံပြကျောင်းသား လူငယ်မောင်မယ်တွေ ပေါ်ထွက်စေနိုင်ရန် ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ဉာဏ်ရည်ပြည့်ဝပြီး ရေးဖြေဖြေရမယ်။ ဖက်ရှင်ပြစ်ရမယ်။ သွက်လက်တက်ကြွရမယ်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ပြီး လူတောထဲမှာ ခံ့ညားတဲ့ မော်ဒယ်တစ်ယောက်အဖြစ်လျှောက်လှမ်းနိုင်ရမယ်။ ပင်ကိုစွမ်းရည်ရှိရမယ်။ အားကစားထူးချွန်ရမယ်၊ ရန်ပုံငွေရှာဖွေရေးနဲ့ စည်းရုံးရေးအစရှိတဲ့ အဆင့်တွေ စစ်ဆေးသွားမှာပါ" ဟုပြိုင်ပွဲစီစဉ်သူ August Myanmar Media Group မှ CEO ဦးရဲမြန်မာအောင်က ပြောကြားသည်။

ဆက်လက်၍ "ဒီပြိုင်ပွဲမှာ အောင်မြင်တဲ့သူတွေဟာ Miss တစ်ဦးချင်းရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ ရရှိမယ့်အပြင် ကျပ်သိန်း ၁၀၀မှ ၁၅၀ ကြားမှာရှိတဲ့သရဖူကို တက္ကသိုလ်များကိုယ်စားပြု စံပြ မောင်မယ်အဖြစ် ရရှိမှာပါ။ ဒါ့အပြင် ပြည်တွင်းမဂ္ဂဇင်းတွေမှာလည်း ဖော်ပြခွင့်ရရှိပြီး ထောက်ပံ့ကြေးငွေ တစ်ဦးလျှင်

စာမျက်နှာ ၇ ကော်လံ ၄



သတင်းနှင့်ဓာတ်ပုံ-မျိုးမင်းသိန်း

# အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်စေရန်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အခွင့်အလမ်းတူမျှသော ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်နိုင်စေရန်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဆက်သွယ်ရေးဥပဒေအသစ်တစ်ရပ်ကို ထုတ်ပြန်ပြဋ္ဌာန်းကာ ဆက်သွယ်ရေးဝန်ဆောင်မှုများ လုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ တင်သွင်းရောင်းချခြင်းတို့အတွက် စနစ်တကျ ဖြစ်စေခြင်း၊ လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်း ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တချို့သောပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများသည် လိုင်စင်မရှိဘဲ၊ ခွင့်ပြုချက်မရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုများကို လုပ်ကိုင်ခြင်းနှင့်ကန့်သတ်စက်ပစ္စည်းများဖြစ်သော လမ်းလျှောက်စကားပြောစက် (Walkie-Talkie) များ၊ HF/VHF ရေဒီယို လွှင့်ဖမ်းစက်များအသုံးပြုခြင်း၊ Repeater များ အသုံးပြုခြင်းများကို တွေ့ရှိလာရပါသည်။ ထိုသို့ တရားမဝင်ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းများကို အသုံးပြုခြင်းတို့ကြောင့် အဆိုပါစက်ပစ္စည်းများမှ ထုတ်လွှင့်သော ရေဒီယိုလှိုင်းနှုန်းများသည် တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုလုပ်ငန်းများ၏ စက်ပစ္စည်းများကို လာရောက်နှောင့်ယှက်သဖြင့် ဝန်ဆောင်မှုအရည်အသွေးကို ကျဆင်းစေပါသည်။ တရားဝင်လိုင်စင်ဖြင့်ကိုင်ဆောင်သည့် ရေဒီယိုလှိုင်းနှုန်းသတ်မှတ်ပေးထားခံရသည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများ၏ ဆက်သွယ်ရေးစနစ်ကိုပါ နှောင့်ယှက်သဖြင့် လုပ်ငန်းများကို များစွာ အနှောင့်အယှက်ဖြစ်စေပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပြဋ္ဌာန်းပြီးဖြစ်သည့် ဆက်သွယ်ရေးဥပဒေနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုပါက တရားဝင်လိုင်စင် လျှောက်ထားရယူရမည် ဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁




# မြန်မာ့အလင်း ကြော်ငြာကဏ္ဍ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ

# Advertisement



**အမြန်ငှားလိုသည်**

၁၀ ပေ၊ အအေးခန်း

(Freezer Box)

ဖုန်း-၀၉-၄၂၀၀၆၄၆၀၂

**ကျေးဇူးဆပ်ပါမည်**

ကုမ္ပဏီတော်များ Dyanamic Company Limited နှင့် ပတ်သက်သော အရေးကြီး စာရွက်စာတမ်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရသူများ ဆက်သွယ်ပြန်ပေးပါက ကျေးဇူးဆပ်ပါမည်။

**Dyanamic Co.,Ltd.**

ဖုန်း-၀၉-၄၃၃၂၂၅၅၅၊ ၀၉-၇၃၃၂၂၅၅၅







**Spring Mattress (Single,Queen,King size)**

ဟိုတယ်နှင့် အိမ်သုံးရန်အတွက် ဈေးနှုန်းချိုသာစွာဖြင့်

လက်လီလက်ကား ရောင်းချနေပါသည်။

ရောင်း/မောင်း အလိုရှိသည်။ လစာကောင်းပေးမည်။

**ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၁၂၄၈၈၊ ၀၉-၅၁၄၁၄၈၈**











# ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်
## National Management College (NMC) နှင့်
## Assumption University (ABAC) Myanmar Offshore Office တို့ ပူးပေါင်း၍
## Certificate in Marketing Management (CMM)
## အမှတ်စဉ်(၃)သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသား စီမံခန့်ခွဲမှုပညာကောလိပ် (NMC) နှင့် Myanmar Professional Development Center-MPDC@Assumption University (ABAC) Myanmar Offshore Office တို့ ပူးပေါင်း၍ Certificate in Marketing Management (CMM) သင်တန်းအမှတ်စဉ်(၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူများလျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းကာလမှာ ၆ လဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်ပါမည်။

၃။ Marketing Management သင်တန်းတွင် ဈေးကွက်စီးပွားရေးကို ထိုးဖောက်နိုင်သော အခြေခံအချက်အလက်များကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Marketing Manager အဖြစ် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများကို ဆက်လက်သင်ယူနိုင်ပြီး Assumption University of Thailand နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။

၅။ ပညာအရည်အချင်း အထောက်အထား(မူရင်း)နှင့် မိတ္တူ ၂ စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် မိတ္တူ ၂ စုံ၊ လိုင်စင်ဓာတ်ပုံ ၅ ပုံတင်ပြရမည်။

**(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)**

**အသေးစိတ်သိရှိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်(လေးထပ်စာသင်ဆောင်၊ MPDC ရုံးခန်း)၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၄၉၂၀၈၅၀၁၊ ၀၉-၄၂၀၁၂၅၉၀၀၊ ၀၉-၄၂၁၁၀၄၇၇၃**

# ရောင်းမည်

| | | |
|---|---|---|
| ၁။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 22'x30' မြေ | -၃၀၀ သိန်း |
| ၂။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 15'x47'2pt ရေမီး | -၃၇၀ သိန်း |
| ၃။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 18'x50'1pt ရေမီး | -၅၀၀ သိန်း |
| ၄။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 20'x65'2pt ရေမီး | -၆၅၀ သိန်း |
| ၅။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 30'x60'1pt ရေမီး | -၇၀၀ သိန်း |
| ၆။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 27'x70'1pt ရေမီး | -၇၀၀ သိန်း |
| ၇။ | ပြည်လမ်း၊ (၁၀)မိုင်လမ်းသွယ် 80'x50' မြေ | -၉၅၀ သိန်း |
| ၈။ | မင်္ဂလာဒုံ၊ ဒေါပါက်ကုန်း၊ ဂျိုးဖြူလမ်းမကြီးပေါ် 40'x40'2BN | -၃၈၀ သိန်း |

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၀၃၇၀၈၉**

## အမှတ် ၁၀၁၊ ဗိုလ်ဆွန်ဝက်လမ်း၊ ၆ ရပ်ကွက်၊ ဝန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သော ဦးသန်းကြွယ်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၆ ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၁၀၁ ရှိ မြေနှင့် သုံးထပ်ခွဲတိုက် အဆောက်အအုံနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသန်းကြွယ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရွှေဝင်းနှင့် ဦးမြဝင်းတို့သည် အထက်ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့် အတွင်းရှိပစ္စည်းနှင့် စာအုပ်ချုပ်စက်များအပါအဝင် ကွယ်လွန်သူ မိခင် ဒေါ်ချစ် ရရန်ရှိသည် ပစ္စည်းခွဲဝေရပိုင်ခွင့်ရှိသော ပစ္စည်းအစုအတွက် တောင်းဆိုပိုင်ခွင့် (Vested Right) ရရှိထားသူ သားနှစ်ဦးဖြစ်ကြပါသည်။

အထက်ဖော်ပြပါလိပ်စာရှိ မြေနှင့်အဆောက်အအုံမှာ ကွယ်လွန်သူ ဒေါ်ချစ်နှင့် မောင်နှမဖြစ်သူများမှ ဒိုးတူဘောင်ဘက် အတူတကွ မောင်နှမမိသားစု စီးပွားရေးလုပ်ငန်းမှ ရရှိစုဆောင်းငွေများဖြင့် ဝယ်ယူထားခဲ့သော မြေနှင့်အဆောက်အအုံဖြစ်ပြီး မောင်နှမအားလုံးမှ ထိုအချိန်က ညီမဖြစ်သူ အပျိုကြီး ဒေါ်သောင်းအမည်ဖြင့် ထားရိုစာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်ရုံးတွင် အမည်ပေါက်ထားရှိသည် မြေနှင့်အဆောက်အအုံဖြစ်ပါသည်။

ဒေါ်ချစ်နှင့် မောင်နှမများအတူ ပူးတွဲပိုင်ဆိုင်ပြီးလုပ်ငန်းလုပ်ကိုင်ခဲ့သော ဖော်ပြပါတည်နေရာရှိ မြေနှင့် အဆောက်အအုံကို ဦးသန်းကြွယ်မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်ပါကြောင်း လွှဲပြောင်းရယူသည် စွန့်လွှတ်စာချုပ်ပြုလုပ်ထားပါလျှင်လည်း ပစ္စည်းခွဲဝေပေးရန်ရှိနေသော ဒေါ်ချစ်၏ သားနှစ်ဦးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေများအတွက် ပူးတွဲပိုင်ဆိုင်ခွင့်အရ ပစ္စည်းခွဲဝေပေးရမည် ရပိုင်ခွင့်ကို ဥပဒေနှင့်မညီဘဲ ပြုလုပ်ထားသဖြင့် တရားဝင်ဆောင်ရွက်ထားသည်ဟု ဆိုနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်၏ မိတ်ဆွေများကလည်း ဖော်ပြပါမြေနှင့်အဆောက်အအုံအပေါ်တွင် ပစ္စည်းများ ခွဲဝေပေးစေလိုမှုဖြင့် တရားစွဲဆိုရန်အတွက် ကျွန်ုပ်အားညွှန်ကြားထားပြီးဖြစ်ပါကြောင်းကို ဦးသန်းကြွယ်နှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှချို**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၄၄/၉၁)**

**B.Sc,H.G.P,R.L,D.B.L,D.M.L**

**တိုက်-၄၈၊ အခန်း ၁၁၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၀၉-၇၃၀၀၂၆၀၉**

မြန်မာ့အလင်း
ကျေးလက်နှင့်လယ်ယာစီးပွားရေး... 

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့။




လူမှုစီးပွား

## နယ်စပ်ကုန်သွယ်ရေး စခန်းပွင့်ခဲ့သည့် ကယားပြည်နယ်

စာ - ၃



ပြည်တွင်းရေးရာ

## ပညာပန်းများပွင့်စေဖို့ စေတနာရှေ့တင်စေသော မောဒ္ဒနိ နှမ့်ခမ်းမြို့

စာ - ၅



လူမှုစီးပွား

## ညီနောင်သားချင်း ... မကြုံကလဲ့မွှန်ကင်း

စာ - ၆



# ဆောင်းရာသီရဲ့ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ် သို့မဟုတ် ဇက်ကိုရဲ့လားရာကို မျှော်ကြည့်ခြင်း

စာ - ၂




## စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ(၃)

စာ - ၂၇



